

ဝန်ဇင်း
Read on the move
သူမ
သူတို့နှစ်ယောက်နှင့်
ပတ်သက်၍

# အခန်း (၁)

"ဆိုက္ကားပိုင်နဲ့ ၊ အိမ်ပိုင်နဲ့ ၊ တီဗွီ၊ အောက်စက်၊ အပ်ချုပ်စက်တွေနဲ့ ၊ အထင်တွေစွတ်ကြီးပြီး ယူလိုက်မိပါတယ်၊ ယူပြီးမှ သောက်ပျင်းကြီးဖြစ်နေတော့ ဘာမှ လုပ်လို့ မရတော့ဘူး"

"အမေကလည်း ၊ အဖေကြားသွားပါ့မယ်၊ သူ့ခမျာ ကိုယ်တစ်ပိုင်းချိနေတဲ့ ဥစ္စာ၊ သနားပါတယ်"

"ဩော် ဩော် ... ဒီဒုက္ခိတကြီးကို လင်လုပ်နေတဲ့ မအေကိုတော့ သနားဖို့ မစဉ်းစားမိဘူးလား"

အေးမက ခေါင်းလေးကုတ်၍ ရှုံ့မဲ့သွားသည် ။

"ဘာပဲဖြစ်ဖြစ် အမေက လူကောင်းပဲ၊ မသန်စွမ်းတဲ့ လူကို ညှာသင့်တာပေါ့"

ဒေါ်တင်ငွေး ဒေါသဖြစ်သွားသည် ။

"ဘာမှ ညှာနေဖို့ မလိုဘူး၊ အစကတည်းက ... သူသာ သောက်လိုက်၊ စားလိုက်၊ သွားသွားလာလာ မင်းသားလေးလို မနေခဲ့ဘဲ ကိုယ့်ဆိုက္ကားလေးကိုယ် ကြိုးကြိုးစားစားနင်းပြီး လက်ကြောတင်းရင် ရှိတာတွေလည်း မကုန်ဘူး၊ စီးပွားလည်း တက်မယ်၊ ခုတော့ ကိုယ့်ဆိုက္ကားကို သူများပေးနင်းရတဲ့ အုံနာခလေး တစ်ပဲခြောက်ပြားနဲ့ ကျေနပ်၊ နာရေး၊ မကျန်းရေးဖြစ်တော့ ရှိတာလေးပြေးပေါင်၊ မရွေးနိုင်တော့ ဆုံး"

"အဲဒီတုန်းက အမေ အဖေ့ကိုစည်းရုံးပြီး ရှာဖွေခိုင်းပါလား အမေရဲ့
"

ညိုက ဝင်ပြောပြန်သည် ။

ဖအေကိုထိတော့ ပြောနေတာက ကိုယ့်အမေပေမယ့်လည်း သူတို့ စိတ်မကောင်း ဖြစ်ကြသည် သာ။

ဒေါ်တင်ဌေးက သူတို့ စကားကြောင့် ရပ်မသွားပါ။

"ပြောပြီပေ့ါအေ၊ ဘယ်မှာ ရခဲ့လို့ လဲ၊ သူ့ကိုယ်သူ ကြွရွနေအောင်ဝတ်ပြီး အချိန်ပြည့် လမ်းသွား၊ အပေါင်းအသင်းနဲ့ အဝတ်အစားနဲ့ ၊ ငယ်ရွယ်တုန်းက အချိန်တွေဖြုန်းခဲ့သမျှ သားသမီးတွေကြီးလို့ အရွယ်လည်း ကျလာရော၊ အရက်သမားပီပီ လေဖြတ်ရော၊ ဒင်းကို ဘယ်သူက သနားရ မ ၂၁ လဲ၊ မိန်းမတစ်ယောက်ကိုယူပြီး ရှိတာလေးထိုင်စားရင်း အပျော်ကြူးနေတာ၊ ငါ့အတွက် သူပင်ပင်ပန်းပန်း ရှာကျွေးခဲ့တာ ဘာရှိလို့ လဲ"

သမီးနှစ်ယောက်လုံး မျက်နှာမကောင်းကြပေ။

အဖေကပါသည့် ဖအေတူမအေကွဲ ညီအစ်မ မညိုးကို ဘယ်လိုနည်းနဲ့ မှ မေတ္တာထား ကြည့်လို့ မရပေမယ့် အဖေ့ကိုတော့ သူတို့ ချစ်ကြသည် ။

တကယ်တော့ ဦးစန်းအောင်က လူချောကြီးဖြစ်သည် ။ ဒေါ်တင်ဌေးက အပျိုပေမယ့် သမီးတစ်ယောက်အဖေ ဦးစန်းအောင်နှင့် တွဲသွားလို့ မှ မလိုက်ဖက်သည် အထိ။

ဒေါ်တင်ဌေးက အသားမည်းကာ နှုတ်ခမ်းပြာ၏။

မျက်ဝန်းများ သည် ကုလားမမျက်လုံးများ လို မျက်ရစ်မည်း၍ မျက်

တောင်ကော့များ ရှိပေမယ့် မျက်ခုံးထူထူက ဖြူဖျော့ဖျော့မို့ လှသည့်ဘက်သို့မပါဘဲ ဖြစ်သွားရသည် ။

ဒါပေမဲ့ အရပ်မြင့်၍ ကိုယ်လုံးတောင့်သည့် ဒေါ်တင်ဋွေးပုံစံက သိပ်အဆိုးကြီးလို့ တော့ ပြောလို့ မရပါ။

ဟိုတုန်းကတော့ ဖြူဖြူသန့်သန့်ကြီးဖြစ်သော ဦးစန်းအောင်အပေါ် သူမသိပ်လွှမ်းမိုးနိုင်ခြင်းမရှိဘဲ ဒီလိုပဲအတူနေ လုပ်ကိုင်ဆုံးဖြတ်ခဲ့ကြသည် ပဲ ဖြစ်သော်လည်း ခုတော့အားလုံးက ဦးစန်းအောင်ကြောင့်ချည်း ဖြစ်နေသည် ။

ကိုယ်တစ်ပိုင်း လေဖြတ်ထား၍ ထူမှ တွဲမှ ထနိုင်၊ သွားနိုင်သော အခြေအနေသို့ ရောက်သွားတော့မှ ဒေါ်တင်ဋွေးတို့ တစ်စခန်းထနေခြင်း ဖြစ်၏။

"ညနေ အိမ်ဝိုင်းစာချုပ်ဖို့ ကိစ္စ သူတို့ လာကြမယ် မဟုတ်လား အမေ"

ညို စကားပြတ်စေလို၍ ဖြတ်သည် ။

ထိုအခါကျမှ ပိုဆိုးပါတော့သည် ။

"အဲဒါပေါ့၊ ပေနှစ်ဆယ်နဲ့ ကျယ်ကျယ်ဝန်းဝန်း နေရတဲ့ ဘဝကနေ ဆယ်ပေကျဉ်းကျဉ်းလေးထဲမှာ နေရတော့မယ်၊ အဲဒါ သူအိမ်ထောင်ဦးစီး မပီသခဲ့လို့ "

"အမေကလည်း လေ၊ တားလေ ဆိုးလေပဲ၊ ကဲ .... ပြောသာပြောတော့"

"ပြောမှာ ပဲ၊ ဒီဝိုင်းခြမ်း ရောင်းရမယ့်ကိစ္စ ဖြစ်လာကတည်းက ငါ့ရင်ထဲမကောင်းတာ၊ ဒီကြားထဲလာသေးတယ်၊ ဟိုဟာမက ဆယ်တန်းမှာ

ဂုဏ်ထူးပါရင် ကျောင်းဆက်တက်ချင်သတဲ့ ၊ ဟင်း ... သူ့ဟာသူ ဂုဏ်ထူးပါရုံမကလို့ တစ်ခါတည်း စက်ရှင်မင်းကြီး ဖြစ်မယ်ပဲဆိုဆို ငါ့ကိုတော့ ပြဿနာ လာမပေးနဲ့ ၊ ပါးစပ်နဲ့ တန်းခနဲတွေ့သွားမယ်မှတ်"

"ကဲပါ အမေရယ်၊ ဒါတွေထားလိုက်စမ်းပါ၊ ဝိုင်းရောင်းပြီးရင် သမီးတို့ ကို ဆွဲကြိုးတစ်ကုံးစီ လုပ်ပေးရမယ်နော်"

ဒေါ်တင်ဌွေး ငြိမ်သက်ကာ ဆေးလိပ်ကိုသာ ဖိ၍ ဖွာနေသည် ။

အေးမက အမေ့လက်မောင်းကိုဖက်၍ ပါးနဲ့ ပွတ်တိုက်ကာ

"သမီးကို ဒီနှစ် မွေးနေ့လုပ်ပေးပါ အမေရယ် ... နော် ... မွေးနေ့၊ မွေးရက်လည်း ဒီနှစ်တိုက်နေတယ်၊ ဝိုင်းရောင်းလို့ ပိုက်ဆံရမှာ နဲ့ အတော်ပဲ ၊ အတန်းထဲမှာ ဒီပြင် သူငယ်ချင်းတွေ မွေးနေ့လုပ်ကြ၊ ဖိတ်ကြနဲ့ ၊ သွားတဲ့ လူတွေကလည်း လက်ဆောင် အကောင်းစားတွေနဲ့ ရှယ်ပဲ၊ နော် ... အမေနော်"

" ဟဲ့ ..... အိမ်ကောင်းကောင်း ပြန်ဆောက်ဖို့ က ငွေထားရဦးမယ်လေ"

"အမေကလည်း ... ဆယ်သိန်းတောင်ရမှာ ဥစ္စာ အမေရာ ... လုပ်ပါ အမေရယ်"

ဒေါ်တင်ဌွေး ဘာမှ ပြန်မပြောသည် နှင့် ...

"ဟေး ... လုပ်ပေးမယ်တဲ့ ကွ"

အေးမက လက်ခုပ်တီး၍ ထခုန်သည် ။

ဒေါ်တင်ဌွေး၏ ဒေါသမပါသော မျက်စောင်းကြီးက ဝင့်ခနဲ ...

* * *